# Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org





## လက်ရှိအခြေအနေ အကျဉ်းချုပ်

၂၀၁၆ ခုနှစ်၊ ဇွန်လကုန်တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၂၈၅ ဦးရှိသည်။ ထိုထဲမှ ၈၂ ဦးသည် ထောင်ဒဏ်ချမှတ်ခံထားရပြီး ၃၄ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၁၆၉ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။

## ဇွန်လ ၂၀၁၆ ခုနှစ်၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာ

### မာတိကာ


- တစ်လအတွင်း သုံးသပ်ချက်
- မတရားထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- မြေယာသိမ်းဆည်းမှုများ
- လူ့အခွင့်အရေးနှင့်ဆိုင်သော ဆက်စပ်သတင်းများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

၂၀၁၆ ခုနှစ်၊ ဖွန်လတွင် နိုင်ငံရေး တက်ကြွလှုပ်ရှားသူစုစုပေါင်း ၁၁၂ ဦး ဖမ်းဆီးခံခဲ့ရ သည်။ တက်ကြွလှုပ်ရှားသူ ၁၈ ဦး ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး နိုင်ငံရေးအကျဉ်းသား ၅၃ ဦး ပြန်လည် လွတ်မြောက်လာခဲ့သည်။ ယခုလတွင် နိုင်ငံရေးအကျဉ်းသား သုံးဦးမှာ ကျန်းမာရေးဆိုးရွားလျက် ရှိကြောင်း သိရှိရပြီး တက်ကြွလှုပ်ရှားသူ စုစုပေါင်း ၃၄ ဦးသည် တရားစွဲ ဆိုခံခဲ့ရသည်။

အာဏာပိုင်များမှ ခေတ်နောက်ကျ လျက်ရှိသော ဥပဒေများကို အသုံးပြု၍ တက်ကြွလှုပ်ရှားသူများအား ဆက်လက် ဖမ်းဆီး၊ ထိန်းသိမ်းလျက်ရှိပြီး ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်တို့ကိုပါ ဆက်လက်ခြိမ်းခြောက်လျက်ရှိသည်။ ပိုမို ကောင်းမွန်သော အလုပ်သမားအခွင့်အရေးရရှိရန် ချီတက်ဆန္ဒ ပြခဲ့ကြ သောကြောင့် ဖမ်းဆီးခံထားရသော စစ်ကိုင်း အလုပ်သမားနှင့် ၎င်းတို့ အား ဝန်းရံသူ စုစုပေါင်း ၁၅ ဦးသည် ထိန်းသိမ်းခံထားရဆဲဖြစ်ပြီး ရာဇသတ်ကြီးပုဒ်မ ၁၄၃၊ ၁၄၅၊ ၁၄၇၊ ၅၀၅(ခ)တို့ဖြင့် အမှုရင်ဆိုင် နေရသည်။ ယခုလတွင် ၎င်းတို့သည် တရားစီရင်ရေးအား သပိတ် မှောက်ခဲ့ကြသောကြောင့် ၎င်းတို့ ထောင်တွင်းတွင်ရှိစဉ်တွင်း ကြာရှည်စွာ တရားရင်ဆိုင်ရဖွယ်ရှိသည်။ ထို့ပြင် ရိုဟင်ဂျာပြက္ခဒိန်ရိုက်နှိပ် ထုတ်ဝေခြင်းအတွက် အမျိုးသားလေးဦး ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ရွှေဝါရောင်တော်လှန်ရေး၏ ဦးဆောင်သူတစ်ဦးဖြစ်ခဲ့သူ ဦးဂမ္ဘီရ ခေါ် ဦးညီညီလွင်သည် ၂၀၁၂ ခုနှစ်က အမှုပေါင်းများအတွက် ထပ်တိုး စွဲချက်များကိုရင်ဆိုင်ရန် အင်းစိန်ထောင်သို့ပြောင်းရွှေ့ခြင်းခံခဲ့ရသည်။ အငြင်းပွားဖွယ် လယ်ယာမြေအရေးနှင့် ပတ်သက်ပြီး အကျိုးဖျက်ဆီးမှုနှင့် ပိုင်နက်ကျူးလွန်မှု စွဲချက်များဖြင့်အမှုရင်ဆိုင်နေရသော်လည်း လယ် ယာအရေးလှုပ်ရှားသူများနှင့် လယ်သမားများသည် အာဏာပိုင်များကို ဆက်လက် ဆန့်ကျင်ဆန္ဒပြလျက်ရှိသည်။

မီဒီယာနှင့် လူမှုအဖွဲ့အစည်း လွတ်လပ်ခွင့်များအပေါ် တားမြစ်ထားမှုများနှင့် ပတ်သက်ပြီး စိုးရိမ်စရာ အသစ်အဖြစ် ဖွန်လတွင် တွေ့မြင် နိုင်သည်။ အာဏာပိုင်များမှ စစ်တပ်၏ မကောင်းကြောင်းကို ညွှန်းဆိုထားသော ရုပ်ရှင်ဇာတ်ကားအား ရုပ်ရှင်ပွဲတွင် ပြသရန် လျှင်မြန်စွာ တားဆီးခဲ့ပြီး စစ်တပ်မှ ညှဉ်းပန်းနှိပ်စက်မှုများ ကျူးလွန်သည့် အကြောင်း ရေးသားဖော်ပြထားသော အစီရင်ခံစာနှင့် ပတ်သက်ပြီး အရပ်ဖက် လူမှုအဖွဲ့အစည်း၏ သတင်းစာရှင်းလင်းပွဲအခမ်းအနားကို တားဆီးပိတ်ပင်ခဲ့သည်။ ထို့ပြင် သတင်းစာဆရာများသည် ယခင်က သတင်းယူခွင့်ရရှိခဲ့သော လွှတ်တော်ကိုယ်စားလှယ်များထံမှ သတင်းယူခွင့် ပိတ်ပင်တားမြစ်ခြင်း ခံခဲ့ရပြီး ဒေါ်အောင်ဆန်း စုကြည်၏ ၇၁ နှစ်မြောက်မွေးနေ့အခမ်းအနားကျင်းပရာသို့ ဝင်ရောက်ရန် ငြင်းပယ်ခြင်း ခံခဲ့ရသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် တရားဝင် အသိအမှတ်ပြုထားခြင်းမခံရသော အဖွဲ့အစည်းများတွင် ပါဝင်သည်ဟု စွပ်စွဲခံရသော အရပ်သားများကို ဖမ်းဆီးရန်၊ ထိန်းသိမ်းရန်နှင့် ပြစ်ဒဏ်ချမှတ်ရန်အတွက် မတရားအသင်းအက်ဥပဒေကို လက်နက်သဖွယ် ဆက်လက်အသုံးပြုလျက်ရှိသည်။ ရက္ခိုင့်တပ်မတော် နှင့် ဆက်သွယ်သည်ဟု စွပ်စွဲခံရခြင်းအတွက် မေလတွင်းတွင် တရားစွဲ ဆိုခံခဲ့ရသော ရခိုင်လူငယ် ၁၃ ဦးသည် မတရားအသင်းအက်ဥပဒေ ၁၇(၁)ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် သုံးနှစ် ချမှတ်ခံခဲ့ရသည်။ ယခုလတွင် ထိုဥပဒေဖြင့် နောက်ထပ် အရပ်သား ၁၃ ဦး တရားစွဲဆိုခံခဲ့ရပြီး ရက္ခိုင့်တပ်မတော်(AA)၊ တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော်(TNLA)၊ ရှမ်းပြည်နယ်တပ်မတော်(SSA)တို့နှင့် ဆက်သွယ်သည်ဟု စွပ်စွဲခံထားရသော အရပ်သားတစ်ရာကျော် ဖမ်းဆီးခံခဲ့ရသည်။ နယ်ခြားစောင့်တပ်ဖွဲ့(BGP) နှင့် ရက္ခိုင့်တပ်မတော် (AA) တို့ကြား တိုက်ပွဲများ ဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၌ အမည်မသိ လက်နက်ကိုင်အဖွဲ့မှ အမျိုးသားနှစ်ဦးအား ဖမ်းဆီးခဲ့သည်။ ယခုလနောင်းပိုင်းတွင် နယ်ခြားစောင့်တပ် (BGP) ၏ ကင်းလှည့်အဖွဲ့မှ မည်သည့်အကြောင်းပြချက်မျှမရှိပဲ ငါးဖမ်းသမားသုံးဦးအား ပြင်းထန်စွာရိုက်နှက်ခဲ့၍ ငါးဖမ်းသမားတစ်ဦးသည် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးသွားခဲ့သည်။ ရှမ်းပြည်နယ်တွင် အမျိုးမျိုးသော လက်နက်ကိုင်အဖွဲ့များကြားတွင် နေထိုင်လျှက်ရှိသော ဒေသခံရွာသားများအား ပြင်းထန်စွာ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်နေသည်ဟု စစ်တပ်အား စွပ်စွဲထားသည်။ ထိုထဲတွင် ရှမ်းပြည်နယ်တိုးတက်ရေး ပါတီ/ရှမ်းပြည်နယ်တပ်မတော် (မြောက်ပိုင်း) (SSPP/SSA-North) အတွက် သတင်းအချက်အလက်များ ကောက်ယူပေးနေသည်ဟု စွပ်စွဲခံရကာ ဖမ်းဆီးခြင်းခံခဲ့ရသော သိန္နီမြို့နယ် မှ ရွာသား ရှစ်ဦး၊ လားရှိုးမြို့နယ်တွင် ရွာသားခုနစ်ဦး အသတ်ခံရခြင်းနှင့် ဒေသခံရွာသားသုံးဦးထက်ပို၍ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းတို့ ပါဝင်သည်။

ရှမ်းပြည်နယ်တွင် ပြိုင်ဘက် လက်နက်ကိုင်တပ်ဖွဲ့များ၏ လှုပ်ရှားမှုများကြောင့် အပြစ်မဲ့အရပ်သားများသည် ဓားစာခံများအဖြစ် ဆက်လက်ရှိနေသည်။ ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်နယ်တပ်မတော် (တောင်ပိုင်း) (RCSS/SSA-South) နှင့် TNLA တို့ကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားနေခြင်းကြောင့် အရပ်သားများ မတရားဖမ်းဆီး၊ ထိန်းသိမ်းခံ နေရသည်။ မိုင်းတုံမြို့နယ်မှ အရပ်သား ၄၀ ဦးအား ရှမ်းပြည်နယ်တပ်မတော် (တောင်ပိုင်း) SSA-South မှ ဖမ်းဆီးခဲ့ပြီး နမ့်ခမ်းမှလားရှိုးသို့ သွားသော ကားလမ်းမတွင် ရှမ်းအရပ်သား ခုနစ်ဦးသည် ပျောက်ဆုံးသွားခဲ့သည်။ ကွတ်ခိုင်မြို့နယ်၌ အငြင်းပွားဖွယ်လယ်ယာမြေကိစ္စနှင့် ပတ်သက်ပြီး ပလောင် (တအာင်း) တောင်သူ ၄၈ ဦးအား ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) မှ ဖမ်းဆီးခဲ့ပြီး နောက်တစ်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့သည်။ သို့သော် လည်း ၎င်းတို့ ထိုမြေများတွင် ပြန်လည်ထွန်ယက်ပါက ပစ်သတ်ခံရမည်ဟု ခြိမ်းခြောက်ခြင်း ခံခဲ့ရသည်။

# မတရားထိန်းသိမ်းခံရခြင်းများ

**ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) (SSPP/SSA) နှင့် ဆက်သွယ်ခြင်းအတွက် ရွာသားရှစ်ဦးအား ဖမ်းဆီး**

မေလ ၃၀ ရက်နေ့တွင် စစ်တပ်မှ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမြို့နယ်၊ ပန်စုံကျေးရွာရှိ ရွာသား ရှစ်ဦးအား ရှမ်းပြည် တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း)အတွက် သတင်းအချက်အလက်များ ကောက်ယူစုဆောင်းပေးနေသည်ဟု စွပ်စွဲကာ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ဇွန်လ ၂ ရက်နေ့တွင် ၎င်းတို့အား မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇ (၁) ဖြင့် သိန္နီမြို့နယ်ရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ ကျေးရွာသူကြီးများမှ ထိုကဲ့သို့ လုပ်ဆောင်ရန် ငြင်းဆန်ပါက နောက်ဆက်တွဲဖြစ်လာမည့် အကျိုးဆက်ကို ကြောက်ရွံ့သောကြောင့် ၎င်းတို့တွင် ရွေးချယ်စရာမရှိပဲ လက်နက်ကိုင် အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေရခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ရှမ်းပြည်နယ် ပူးပေါင်းဆောင်ရွက်ရေးကော်မတီမှ ထိုအမျိုးသားများကို ကူညီမည်ဟု ရှမ်းပြည်နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ထားဦးမှ ပြောကြားခဲ့ပြီး မတရားအသင်း အက်ဥပဒေကို ဖျက်သိမ်းရန်လည်း တောင်းဆိုခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၄ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်၊ မြန်မာတိုင်း

**ရှမ်းပြည်နယ်တွင် အရပ်သားများ ပျောက်ဆုံးကာ မတရားဖမ်းဆီးခံနေရ**

ဇွန်လ ၅ ရက်နေ့တွင် ရှမ်းအမျိုးသား ခုနစ်ဦးသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နယ်မှ လားရှိုးမြို့သို့ သွားစဉ် လမ်း၌ ပျောက်ဆုံး သွားခဲ့သည်။ ထိုလမ်းအား အသုံးပြုလျက်ရှိသော ရွာသားများမှ နမ့်ဖတ်ကာမြို့နယ်၊ ပါလန် ကျေးရွာ အနီးတွင်ရှိသော တအာင်းလွတ်မြောက်ရေး တပ်မတော် (TNLA) စစ်ဆေးရေးဂိတ်၌ ကားတိုင်းရပ်တန့်ခဲ့ရသည်ဟု ပြောကြားခဲ့သည်။ ထိုစစ်ဆေးရေးဂိတ်၌ TNLA မှ အခွန်ကောက်ခံသည်ဟု ရွာသားတစ်ချို့မှ ပြောကြားခဲ့သည်။ ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်နယ် လွတ်မြောက်ရေး တပ်မတော်(တောင်ပိုင်း) (RCSS/SSA) နှင့် TNLA တို့ကြား မကြာသေးမီက တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသော ထိုနယ်မြေတွင် အရပ်သားများ ပျောက်ဆုံးလျက်ရှိသည်။ ဒေသခံများမှ TNLA အား ထိုအမျိုးသားများအား အဓမ္မခေါ်ဆောင်သွားသည်ဟု စွပ်စွဲခဲ့သည်။ အဆိုပါသတင်းအား TNLA မှ ဒုတိယ ဗိုလ်ချုပ်ကြီး တာဂျုတ်ဂျားမှ ငြင်းဆိုခဲ့သည်။ ရဲတပ်ဖွဲ့မှ ထိုအမျိုးသားများပျောက်ဆုံးနေခြင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။ တိုက်ပွဲများဖြစ်ပွားလျက်ရှိသော မြို့နယ်အနီးတွင်ရှိသည့် မန်ပိန်ကျေးရွာ၌ ဇွန်လ ၈ ရက်နေ့နှင့် ၁၁ ရက်နေ့ကြား အမျိုးသမီးနှင့် ကလေးငယ်များ အပါအဝင် တအာင်းဒေသခံ ရွာသား ၄၀ ဦးအား RCSS / SSA မှ ဖမ်းဆီးခဲ့ပြီး တစ်ချို့အား ထိုနေ့တွင်ပင် ပြန်လွှတ်ပေးခဲ့သည်။ ရှမ်းစစ်တပ်မှ ဇွန်လ ၈ ရက်နေ့နှင့် ၁၁ ရက်နေ့တွင် ဂျုံကလန်ကျေးရွာရှိ နေအိမ်သုံးလုံးအား မီးရှို့သွားခဲ့သည်ဟု ဒုတိယ ဗိုလ်ချုပ်ကြီး တာဂျုတ်ဂျားမှ ပြောကြားခဲ့သော်လည်း RCSS / SSA ၏ ပြောရေးဆိုခွင့် ရှိသူတစ်ဦးမှ အဆိုပါ စွပ်စွဲချက်များကို ငြင်းဆိုခဲ့သည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလကတည်းက TNLA နှင့် RCSS / SSA တို့ကြား တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့ပြီး ရွာသားများ ပျောက်ဆုံးခြင်း၊အသတ်ခံရခြင်းများ မကြာခဏ ဖြစ်ပေါ်လျက်ရှိကာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား အပြန်အလှန် စွပ်စွဲ အပြစ်တင်လျက်ရှိသည်။

၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ BNI
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ မြန်မာတိုင်း/မြန်မာ

**ရခိုင်အမျိုးသားနှစ်ဦး ဖမ်းဆီးခံရ**

ဇွန်လ ၉ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် နွားရုံတောင်ကျေးရွာရှိ ရခိုင်အမျိုးသားနှစ်ဦးဖမ်းဆီးခံခဲ့ရသည်။ ရွာသားတစ်ဦးဖြစ်သူ ကိုခိုင်လင်းမှ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ရက္ခိုင့်တပ်မတော်တို့ကြား တိုက်ပွားများဖြစ်ပွားပြီးနောက် ဇွန်လ ၉ ရက်နေ့တွင် သူ၏ အစ်ကိုဖြစ်သူနှင့် နောက်အမျိုးသားတစ်ဦးတို့ ဖမ်းဆီးခံခဲ့ရသည်ဟု ပြောကြားခဲ့သည်။ ၎င်းတို့အား ရွာအပြင်တွင်တွေ့ရှိ၍ ဖမ်းဆီးထားခြင်းဖြစ်ပြီး မည်သည့် လက်နက်ကိုင်တပ်ဖွဲ့မှ ဖမ်းဆီးခြင်းဖြစ်သည်ကို မသိရှိရသေးပါ။

၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက်၊ နိရဥ္စရာ/မြန်မာ

**ကချင်လွတ်မြောက်ရေးတပ်မတော်မှ ဖမ်းဆီးခဲ့သည့် ပလောင် (တအာင်း) တောင်သူ ၄၈ ဦးလွတ်မြောက်**

ဇွန်လ ၂၁ ရက်နေ့တွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကွတ်ခိုင်မြို့နယ်၊ ပန်ဂျရော့ပ် ကျေးရွာမှ ပလောင်တောင်သူ အမျိုးသား ၁၉ ဦးနှင့် အမျိုးသမီး ၂၉ ဦးတို့သည် ဇွန်လ ၂၂ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ထိုတောင်သူများသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်ရှိ ကျေးရွာအုပ်စုနှစ်ခုအကြား ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသော မြေနေရာ၌ ပြောင်းပင်များ သွားရောက် စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ တစ်ဖက်ကျေးရွာရှိ ကချင်ဒေသခံများမှ KIA သို့တိုင်ကြားခဲ့ပြီးနောက် တပ်မဟာ ၄ လက်အောက်ခံ တပ်ရင်း ၉ ရှိ လက်နက်ကိုင် KIA တပ်သား ၃၀ ခန့် မှ တောင်သူ ၄၈ ဦးအား ဖမ်းဆီးခဲ့သည်။ လယ်သမားတစ်ချို့မှ ၎င်းတို့လွတ်မြောက်ရန် KIA သို့ ၁၅၀၀၀ ကျပ် ပေးဆောင်ခဲ့ရသည်ဟု ပြောကြားခဲ့သည်။ ထိန်းသိမ်းခံထားရသူများထဲမှ တစ်ဦးဖြစ်သူ ကိုရန်မောင်ဘမှ ၎င်းတို့ ထိုလယ်ယာမြေများတွင် ပြန်လည် စိုက်ပျိုးပါက KIA မှ ပစ်လိမ့်မည်ဟု ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ ဧရာဝတီ

**ရှမ်းပြည်နယ်တွင် စစ်တပ်မှ အရပ်သားများကို မတရား ဖမ်းဆီး သတ်ဖြတ်သည်ဟု စွပ်စွဲခံရ**

ဇွန်လတွင်းတွင် စစ်တပ်မှ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ မိုင်းယော် တိုက်နယ်တွင်းတွင် နေထိုင်သော ရွာသား ခုနစ်ဦးအား သတ်ဖြတ်ခဲ့ပြီး အမျိုးသမီးသုံးဦးအား ထိခိုက်ဒဏ်ရာရစေခဲ့သည်ဟု အမည်မဖော်လိုသော အရပ်သား

တစ်ဦးမှ ပြောကြားခဲ့သည်။ ဇွန်လ ၂၅ ရက်နေ့၊ နေ့လည် နှစ်နာရီ ဝန်းကျင်ခန့်တွင် ရွာသားများအလုပ်လုပ်နေသော နေရာအနီး၌ စစ်သားများမှ ရုတ်တရက် သေနတ်ပစ်ခတ်ခဲ့၍ အမျိုးသမီး သုံးဦး ဒဏ်ရာရရှိခဲ့သည်။ ထို့ကြောင့် ၎င်းတို့အား မိုင်းယော်ဆေးရုံသို့ ခေါ်ဆောင်သွားခဲ့သည်။

ထို့နောက် စစ်သားများသည် လမ်း၌ ဖြတ်သန်းလျက်ရှိသော ယာဉ်များအား ရပ်တန့်စေကာ ယာဉ်မောင်းများကို မေးခွန်းများ မေးမြန်းခဲ့သည်။ အီနိုင်းကျေးရွာ အုပ်စု၊ နမ့်ယော်ရွာတွင် နေထိုင်သော ညီအစ်ကိုနှစ်ဦးဖြစ်သည့် နော်တင့်နှင့် စိုင်းလတို့မှာ ဆိုင်ကယ်အား ရပ်တန့်မပေးခဲ့သည့်အတွက် ပစ်သတ် ခံခဲ့ရသည်။

ထိုနေ့တွင်ပင် ရှမ်းတိုင်းရင်းသူ ခြောက်ဦး၊ ရှမ်းတိုင်းရင်းသား ငါးဦးနှင့် ပလောင် တိုင်းရင်းသား သုံးဦးတို့ ဖမ်းဆီးခေါ်ဆောင် သွားခြင်းခံခဲ့ရသည်။ နောက်ပိုင်းတွင် ရှမ်းအမျိုးသမီး ခြောက်ဦးနှင့် ရှမ်းအမျိုးသား သုံးဦးတို့ ပြန်လည် လွတ်မြောက် လာခဲ့သော်လည်း ဇွန်လ ၂၉ ရက်နေ့တွင် ထိန်းသိမ်းခံထားရသူများ ဖြစ်သည့် အိုက်ဆန်၊ အိုက်လော့၊ အိုက်မောင်၊ စိုင်းအွန် နှင့် စိုင်းအိုက်မောင် တို့၏ ရုပ်အ လောင်းများကို တွင်းများတူး၍ မြှုပ်နှံထားသည်ကို တွေ့ရှိခဲ့သည်။ ၎င်းတို့သည် မည်သက်နက်ကိုင်တပ်ဖွဲ့တွင်မှ ပါဝင်ခြင်းမရှိသော်လည်း စစ်ဝတ်စုံများ ဝတ်ဆင်လျက် တွေ့ရှိခဲ့ရ သည်။

[၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ BNI]
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ BNI/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ Shan Hearld Agency News]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ ဘီဘီစီ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ ဗွီအိုအေ/မြန်မာ]

# ထောင်ဒဏ်ချမှတ်ခံရခြင်းများ

### ဆန္ဒပြခေါင်းဆောင် သုံးဦးအား ပြစ်ဒဏ်ချမှတ်

ဇွန်လ ၁ ရက်နေ့တွင် ဆားလင်းကြီးမြို့နယ်တရားရုံးမှ ကိုတင့်အောင်စိုး၊ ကိုမိုးခိုင်ထွန်းနှင့် ကိုသော်တာထွန်းတို့အား ရာဇသတ်ကြီး ပုဒ်မ ၁၄၃ ၊ ပုဒ်မ ၃၄၁ ၊ ပုဒ်မ ၄၄၇ တို့ဖြင့် စုစုပေါင်း ထောင်ဒဏ် ၅၂ ရက် သို့မဟုတ် ပုဒ်မ တစ်ခုစီအတွက် ဒဏ်ငွေ ၅၀၀၀ ကျပ်စီ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းတို့မှ အပြစ်မရှိသည့်အတွက် ထောင်ဒဏ်ကျခံမည်ဖြစ်သော်လည်း ၎င်းတို့အား ဝန်းရံ သူများမှ စုပေါင်းကာ ဒဏ်ငွေပေးဆောင်ခဲ့ကြသည်။

၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ၎င်းတို့သည် ဒေသခံရွာသား ၅၀ ခန့်ကို ဦးဆောင်ကာ စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်ရှိ ယန်စီ-မြန်မာ ရုံးရှေ့တွင် စံပယ်တောင်၊ ကြေးစင်တောင် ကြေးနီစီမံကိန်းအား ဆန္ဒပြခဲ့သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ဦးပိုင်ကုမ္ပဏီမှ ၎င်းတို့သုံးဦးအား အမှုဖွင့်ခဲ့သည်။
၂၀၁၅ ခုနှစ်၊ မေလ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်၊ မဇ္ဈိမ/မြန်မာ

### ရဲတပ်ဖွဲ့ဝင်တစ်ဦးအား လက်သီးဖြင့် ထိုးခြင်းအတွက် ဘီဘီစီသတင်းထောက်အား ထောင်ဒဏ်ချမှတ်

ဇွန်လ ၆ ရက်နေ့တွင် မန္တလေးတိုင်း၊ ချမ်းမြသာစည် တရားရုံးမှ ဘီဘီစီသတင်းထောက် ကိုနေမျိုးလင်းအား ရာဇသတ်ကြီးပုဒ်မ ၃၃၂ ဖြင့် အလုပ်ကြမ်း နှင့် ထောင်ဒဏ် သုံးလ ချမှတ်ခဲ့သည်။ ၂၀၁၅ ခုနှစ်၊ မတ်လတွင်း လက်ပံတန်းကျောင်းသားသပိတ် အကြမ်းဖက်ဖြိုခွင်းခံခဲ့ရခြင်းကို ဆန့်ကျင်သော ဆန္ဒပြပွဲအား ကိုနေမျိုးလင်းမှ သတင်းယူနေစဉ် ရဲတပ်ဖွဲ့ဝင်တစ်ဦးမှ ဆိုင်ကယ်တစ်စီးအား ဆွဲလှဲခဲ့သောကြောင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး ၎င်းမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား လက်သီးဖြင့် ထိုးခဲ့သည်။ ကိုနေမျိုးလင်းမှ သူ၏ ပြစ်ဒဏ်သည် တရားမျှတမှုမရှိကြောင်းပြောကြားခဲ့ပြီး ထိုရဲတပ်ဖွဲ့ဝင်အား နှောင့်ယှက်ရန် မရည်ရွယ်ခဲ့သော်လည်း တရားမျှတမှုမရှိစွာ ဆက်ဆံခံရသော နိုင်ငံသားကို ကာကွယ်ချင်ခဲ့၍ ဖြစ်သည်ဟု ပြောကြားခဲ့သည်။ သူ၏ရှေ့နေဖြစ်သူ ဦးသိန်းသန်းဦးမှ ထောင်ဒဏ်သုံးလထက်လျှော့နည်းစေရန် တရားရုံးသို့ အယူခံတင်သွင်းခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။
၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်၊ The Voice Myanmar/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ မြန်မာတိုင်း

### ရိုဟင်ဂျာ ပြက္ခဒိန် ရိုက်နှိပ်ထုတ်ဝေခဲ့ခြင်းအတွက် အမျိုးသားလေးဦးအား ထောင်ဒဏ်ချမှတ်

ရိုဟင်ဂျာ ပြက္ခဒိန်ရိုက်နှိပ်ထုတ်ဝေခဲ့ခြင်းကြောင့် ပြည်သူလူထု၏ တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ဖြစ်စေသည့်အတွက် ဇွန်လ ၁၄ ရက်နေ့တွင် အမျိုးသား လေးဦးအား ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)ဖြင့်ထောင်ဒဏ် တစ်နှစ်စီ ချမှတ်ခဲ့သည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် ပုံနှိပ်တိုက်ပိုင်ရှင် ဦးကျော်ကျော်နှင့် အတူ ကိုရဲသူအောင်၊ ကိုဝင်းနိုင်၊ ကိုဇော်မင်းဦးနှင့် ကိုဝင်းထွေးတို့ ဖမ်းဆီးခံခဲ့ရသည်။ ၎င်းတို့သည် ပုံနှိပ် ထုတ်ဝေခြင်းဆိုင်ရာ အက်ဥပဒေပုဒ်မ ၈ ဖြင့် ဒဏ်ငွေ ၁၀ သိန်းကျပ်စီ ပေးဆောင်ခဲ့ရပြီးနောက် လွတ်မြောက်လာခဲ့သည်။ နောက်တစ်နေ့တွင်ပင် ၎င်းတို့ ပြန်လည် ဖမ်းဆီးခံခဲ့ရကာ ပြည်သူလူထုကို ကြောက်ရွံ့စေရန် သို့မဟုတ် အထိတ်တလန့်ဖြစ်စေရန် ဖန်တီးခြင်းအတွက် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ သက်သေအထောက်အထားမရှိသောကြောင့် ပုံနှိပ်တိုက်ပိုင်ရှင် ဦးကျော်ကျော် အား စွဲဆိုထားသော စွဲချက်ကို ရုပ်သိမ်းပေးခဲ့ပြီးနောက် ဦးကျော်ကျော် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ပုံနှိပ်တိုက်မန်နေဂျာ နှင့် အလုပ်သမားသုံးဦးမှာ နိုဝင်ဘာလကတည်းက အင်းစိန်ထောင်တွင် ထိန်းသိမ်းခံထားရပြီး ယခုလက်ရှိတွင် ထောင်ဒဏ်တစ်နှစ်စီ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ထိုပြက္ခဒိန် ရိုက်နှိပ်ရန် အပ်နှံသူ ဦးအောင်ခင်မှာမူ တိမ်းရှောင်နေဆဲဖြစ်သည်။ ဇွန်လ ၁၇ ရက်နေ့တွင် လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုဖြစ်သော Fortify Rights အဖွဲ့မှ ကြေငြာချက်တစ် စောင်ထုတ်ပြန်ခဲ့ပြီး ထိုပြစ်ဒဏ်အား ရှုံ့ချခဲ့သည်သာမက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်သည်ဟု ဖော်ပြခဲ့ သည်။
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ Kandalan Press via BNI

### ရက္ခိုင့်တပ်မတော် (AA) နှင့် ဆက်သွယ်ခြင်းအတွက် ရခိုင်လူငယ်များအား ပြစ်ဒဏ်ချမှတ်

ဇွန်လ ၁၇ ရက်နေ့တွင် စစ်တွေမြို့နယ်တရားရုံးမှ ရခိုင်လူငယ် ၁၃ ဦးအား ရက္ခိုင့်တပ်မတော် (AA) နှင့်ဆက်သွယ်ခြင်းအတွက် မတရားအသင်းအက်ဥပဒေ၊ ပုဒ်မ ၁၇/၁ ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် သုံးနှစ်ချမှတ်ခဲ့သည်။ ထောင်ဒဏ်ချမှတ်ခံခဲ့ရသည့် လူငယ် ၁၃ ဦးမှာ မြင့်ကျော်(ခ) ထွန်းနိုင်၊ ဦးဆန်းမောင်၊ ဇော်လင်းထွန်း(ခ) မောင်သန်းထွန်း၊ ဇော်မင်းထွန်း (ခ) ကုလားချေ၊ စောရန်နိုင်(ခ) ကျော်စိုးမင်း(ခ) အာနီး၊ ဦးဆန်းမောင် (၂)၊ မောင်ဟန်စိုး၊ ကျော်သိန်းချေ(ခ) လှိုင်သိန်းချေ၊ အောင်ကျော်သိန်း၊ ဇော်မင်းဦး၊ ညိုမောင်(ခ) မောင်ဂင်း(ခ) ဇော်ဂင်းနိုင်၊ အေးကျော်သန်း၊ ဇော်မင်းဌေး၊ ဂင်းအောင်(ခ) ကျန်ချေတို့ဖြစ်ကြသည်။ တရားရုံး၌ ၎င်းတို့မှ ရက္ခိုင့်တပ်မတော်အဖွဲ့ဝင်များဖြစ်သည်ဟု ဝန်ခံခဲ့ကြပြီး ထိုဆုံးဖြတ်ချက်အတွက် အယူခံဝင်ရန် အစီအစဉ်မရှိပါ။
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ နိရဉ္စရာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ ဒီဗွီဘီ

၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ BNI Online/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ မြန်မာတိုင်း

# ထောင်တွင်းအခြေအနေများ

## စစ်ကိုင်း အလုပ်သမားအခွင့်အရေးအတွက် ဆန္ဒပြသူများ တရားရုံးအား ဆက်လက် သပိတ်မှောက်

မေလတွင်း နေပြည်တော်သို့ ချီတက်မည့် စစ်ကိုင်း အလုပ်သမား အခွင့်အရေး တောင်းဆို ဆန္ဒပြပွဲတွင် ပါဝင်ခဲ့ကြသော ကျောင်းသား နှင့် အလုပ်သမား ၁၅ ဦးသည် တပ်ကုန်းမြို့နယ် တရားရုံး၌ တရားစီရင်ရေးအား သပိတ်မှောက်ခဲ့ပြီး တရားရုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆိုခဲ့သည်။ ဇွန်လ ၁ ရက်နေ့ ၎င်းတို့၏ ပထမအကြိမ် ရုံးချိန်း၌ မျှတသော တရားစီရင်ရေး ရှိလိမ့်မည်မဟုတ်ကြောင်း ကြေငြာခဲ့ပြီး တရားစီရင်ရေးအား သပိတ်မှောက်ခဲ့ပြီးဖြစ်သည်။ တက်ကြွလှုပ်ရှား သူများမှ လွှတ်တော်ကိုယ်စားလှယ် ငါးဦးအား ၎င်းတို့၏ ကိစ္စအား လွှတ်တော်တွင်းတွင် ဆွေးနွေးရန်နှင့် ထိုကိစ္စအား နိုင်ငံရေးအရ ဖြေရှင်းရန်ကတိပြုထားမှုအား ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲခဲ့သည်။ ၎င်းတို့၏ ရှေ့နေဖြစ်သူ ဦးအောင်သူရိန်မှ ထိုလွှတ်တော် ကိုယ်စား လှယ် ငါးဦးအား တရားစွဲဆိုတော့မည်ဖြစ်ကြောင်း ကြေငြာခဲ့သည်။ ထိန်းသိမ်းခံနေရစဉ်တွင်း ထောင်တွင်း၌ သန့်ရှင်းသောရေနှင့် ကျန်းမာရေး စောင့်ရှောက်မှုများမရရှိပါဟု ၎င်းတို့မှ စာဒကတက် ပြောကြားခဲ့သည်။ ရုံးချိန်းများအတွင်း ၎င်းတို့အား ဝန်းရံသူများသည် ထိန်းသိမ်းခံထားရသော အလုပ်သမားများနှင့် ကျောင်းသားများအား လွှတ်ရန်၊ သုံးပွင့်ဆိုင်ဆွေးနွေးရန်၊ တရားဥပဒေစိုးမိုးရေးမှုရှိရေး ဆောင်ရွက်ရန်၊ အပြစ်မဲ့အလုပ်သမားများကို ကာကွယ်ရန် စသည့် ပိုစကာများ ကိုင်ဆောင်ထားခဲ့သည်။

မေလ ၁၈ ရက်နေ့တွင် ရဲများမှ စစ်ကိုင်းအလုပ်သမားသပိတ်အား အကြမ်းဖက်ဖြိုခွင်းခဲ့ပြီး တက်ကြွလှုပ်ရှားသူ ၇၁ ဦးအား ဖမ်းဆီးခဲ့ကာ တက်ကြွလှုပ်ရှားသူ ၂၀ ဦးအား ထိုနေ့တွင်ပင် ပြန်လွှတ်ပေးခဲ့သည်။ မေလ ၃၁ ရက်နေ့တွင် နောက်ထပ် ၃၆ ဦးအား ပြန်လွှတ်ပေးခဲ့သည်။ ရမည်းသင်းထောင်တွင် ထိန်းသိမ်းခံထားရသော ကျန်ရှိသည့် ဆန္ဒပြသူ ၁၅ ဦးသည် ရာဇသတ်ကြီးပုဒ်မ ၁၄၃၊ ၁၄၅၊ ၁၄၇၊ ၅၀၅(ခ) တို့ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ၎င်းတို့၏ နောက်တစ်ကြိမ်ရုံးချိန်းသည် ဇွန်လ ၂၉ ရက် နေ့တွင်ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်၊ အီးလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်၊ အီးလဲဗင်း
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်၊ အီးလဲဗင်း
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ အီးလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ မြန်မာတိုင်း

## နိုင်ငံရေးတက်ကြွလှုပ်ရှားသူတစ်ဦး တရားစီရင်ရေးအား သပိတ်မှောက်

ဇွန်လ ၆ ရက်နေ့တွင် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ကိုရာပြည့်အား ရဲမှူးမှ နောက်ကျမှ ရုံးချိန်းတက်ရောက်ရန် လာရောက်ခေါ်ယူခဲ့သည့် အတွက် ကိုရာပြည့်သည် တရားစီရင်ရေးအား သပိတ်မှောက်ခဲ့ပြီး ရုံးထွက်ရန် ငြင်းဆိုခဲ့သည်။ ကိုရာပြည့်သည် ရဲများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း ရဲမှူးမှသူ့အား ပူးပေါင်းဆောင်ရွက်ခြင်းမရှိပါဟု စွပ်စွဲခဲ့ကြောင်း ပြောကြားခဲ့သည်။ တရားရုံးမှ အာမခံမပေးနိုင်လျှင် မပေးရန်နှင့် နောက်ထပ် ရုံးချိန်းတက်ရောက်လိမ့်မည် မဟုတ်ကြောင်း ကိုရာပြည့်မှပြောကြားခဲ့ပြီး တရားစီရင်ရေးသည် ဆိုးရွားလွန်းသည်ဟုလည်း ပြောကြားခဲ့သည်။ သူသည် ဦးနေမျိုးဝေ၏ လူမှုကွန်ရက်စာမျက်နှာအား အတုပြုလုပ်၍ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဆရာတော် ဦးဝီရသူတို့အား အသရေဖျက်သည့် ဓာတ်ပုံများတင်သည်ဟု စွပ်စွဲခံခဲ့ရကာ ငြိမ်းချမ်းရေးနှင့် မတူကွဲပြားသောပါတီအတွင်းရေးမှူး ဒေါ်သီရိနေလင်းမှ သူ့အား ဆက်သွယ်ရေးဥပဒေ ၆၆/ဃ ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ကိုရာပြည့်သည် မေလ ၂၂ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး နောက်တစ်နေ့တွင် အင်းစိန်ထောင်သို့ ပို့ဆောင်ခြင်း ခံခဲ့ရသည်။ တရားစီရင်ရေးအား သပိတ်မှောက်ပြီးနောက် သူ့အား အင်းစိန်ထောင်သို့ ပြန်လည် ခေါ်ဆောင်သွားခဲ့သည်။ နောက်တစ်ကြိမ်ရုံးချိန်းအတွက် ရက်သတ်မှတ်ရခြင်း မရှိသေးပါ။

၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်၊ မဇ္ဈိမ

## ဦးဂမ္ဘီရ ခေါ် ဦးညီညီလွင် ထပ်တိုးစွဲချက်များကို ရင်ဆိုင်ရ

၂၀၁၂ ခုနှစ်က ဖြစ်ပွား ခဲ့သောအမှုဟောင်းများအတွက် ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်ဆီးမှု၊ ရာဇသတ်ကြီးပုဒ်မ ၄၄၈၊ ၄၂၇ စသည့် ထပ်တိုး စွဲချက်များကို ရင်ဆိုင်ရန် ဇွန်လ ၂၆ ရက်နေ့တွင် ဦးဂမ္ဘီရဟု လူသိများသည့် ဦးညီညီလွင်ကို မန္တလေး အိုးဘိုထောင်မှ အင်းစိန်ထောင်သို့ ပြောင်းရွှေ့ခဲ့သည်။ သူသည် ရွှေဝါရောင်တော်လှန်ရေးတွင် ဦးဆောင်ပါဝင်ခဲ့ခြင်းအတွက် ထောင်ဒဏ်ကျခံခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ပြန်လည် လွတ်မြောက်လာခဲ့ပြီးနောက် ထိုအမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ် သည်။ ၂၀၁၂ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာခဲ့သော တက်ကြွလှုပ်ရှားသူ ရဟန်း၊ သံဃာများအား မည်သည့်နေရာ တွင်မှ ရှာမတွေ့သည့်နောက် စစ်တပ်မှ အကြမ်းဖက်ဖြိုခွင်းခဲ့သော ချိတ်ပိတ်ထားသည့် ဘုန်းကြီးကျောင်း သုံးကျောင်းအား ဝင်ရောက် ခဲ့ခြင်းဖြစ်သည်ဟု သူ၏ရှေ့နေဖြစ်သူမှ ပြောကြားခဲ့သည်။ တရားဝင် ပြည်ဝင်ခွင့် ဗီဇာမရှိပဲ ထိုင်း-မြန်မာ နယ်စပ်အား ဖြတ်ကူးခဲ့သည်ဟု စွပ်စွဲခံခဲ့ရကာ ဧပြီလ ၂၆ ရက်နေ့တွင် မန္တလေးတိုင်း တရားရုံးမှ သူ့အား အလုပ် ကြမ်းနှင့် ထောင်ဒဏ် ခြောက်လ ချမှတ်ခဲ့သည်။ ဇူလိုင်လ ၁ ရက်နေ့တွင် သူသည် လွတ်မြောက်မည်ဖြစ်သော်လည်း ထိုစွဲချက်များ ကိုရင်ဆိုင်ရန် ဇူလိုင်လ ၄ ရက်နေ့တွင် ရုံးချိန်းတက်ရောက်ရမည်ဖြစ်သည်။ စစ်အစိုးရဟောင်းမှ သူ့အား ပြင်းထန်သော ညှဉ်းပမ်းနှိပ်စက်မှုများ ပြုလုပ်ခဲ့၍ စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားနေရသောကြောင့် သူ ထောင်တွင်းရှိနေစဉ်အတွင်း အာမခံလျှောက်ထားခဲ့သော်လည်း ပယ်ချခြင်းခံ ခဲ့ရသည်။

၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ အီးလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ Reuters
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ အီးလဲဗင်း
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ အီးလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ မဇ္ဈိမ

၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ ဒီဗွီဘီ/မြန်မာ

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**လူ့အခွင့်အရေး ရုပ်ရှင်ပွဲတော်တွင် ပြသမည့်ရုပ်ရှင်ကား ပိတ်ပင်တားမြစ်ခံရ**

'Twilight Over Burma: My Life as a Shan Princess' ရုပ်ရှင်ဇာတ်ကားပြသရန် အစိုးရမှ ရန်ကုန်မြို့ရှိ လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ဦးဆောင်စီစဉ်သူများအား တားမြစ်ခဲ့သည်။ ထိုရုပ်ရှင်ကားသည် သီပေါစော်ဘွား စဝ်ကြာဆိုင်နှင့် ဇနီးဖြစ်သူ ဩစတြီးလျနိုင်ငံသား အင်ဂီဆာဂျန့် တို့အကြောင်းကို ရိုက်ကူးထားသော ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ်သည်။ သီပေါစော်ဘွား စဝ်ကြာဆိုင်သည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ တစ်ဦးဖြစ်ပြီး လယ်ယာမြေ ပြုပြင်ပြောင်းလဲရေးအတွက် တွန်းအားပေး ဆောင်ရွက်ခဲ့သူလည်းဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် စစ်တပ်မှ အာဏာသိမ်းခဲ့ပြီး နောက် စဝ်ကြာဆိုင် ထိန်းသိမ်းခံခဲ့ရပြီး ပဟေဠိဆန်စွာဖြင့် သေဆုံးခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်း လက်ထောက်အတွင်းရေးမှူး တစ်ဦးဖြစ်သူ ဒေါ်မွန်မွန်မြတ်မှ ထိုရုပ်ရှင်ဇာတ်ကားသည် တိုင်းရင်းသားလူမျိုးစုများကြား စည်းလုံးညီညွတ်မှုပျက်ပြားစေနိုင်သည်ကို ဆင်ဆာအဖွဲ့မှ တွေ့ရှိသောကြောင့် ထို ရုပ်ရှင် မပြသသင့်ဆိုသည်ကို မဲပေး၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထိုရုပ်ရှင်ကားအား ပိတ်ပင်ခဲ့သည့် ဝန်ကြီးဌာန၏ ဆုံးဖြတ် ချက်အား ပြောကြားခဲ့သည်။
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ ဘီဘီစီ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ ဘီဘီစီ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ ဒီဗွီဘီ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ Reuters](#)
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ ဘီဘီစီ](#)
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ ဒီဗွီဘီ](#)
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဗွီအိုအေ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဧရာဝတီ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ မြန်မာတိုင်း](#)

**တပ်မတော်သားတစ်ဦးမှ သတင်းစာ အယ်ဒီတာအား တရားစွဲ**

ဇွန်လ ၁၆ ရက်နေ့တွင် Daily Eleven သတင်းစာ၏ အယ်ဒီတာချုပ်ဖြစ်သူ ဦးဝေဖြိုးသည် အသရေဖျက်ခြင်းအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၂ ဖြင့် သူ့အား စွဲဆိုထားသော စွဲချက်များကို ရင်ဆိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ် တရားရုံး၌ ရုံးချိန်း တက်ရောက်ခဲ့သည်။ ထိုရုံးချိန်း၌ သူအာမခံ လျှောက်ထားမှုကို ဝန်းသိုမြို့နယ် တရားသူကြီးမှ လက်ခံခဲ့သည်။ သူ့အား အမှတ် (၁၂၀) ခြေမြန်တပ်ရင်းရှိ တပ်မတော်သား တစ်ဦးမှ တရားစွဲ ဆိုခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ ဧပြီလထုတ် Daily Eleven သတင်းစာ၌ လောက်ကိုင်ဒေသတွင် တိုက်ပွဲဖြစ်ပွားနေစဉ်တွင်း တပ်မတော်တပ်ရင်းတစ်ခု ကိုးကန့်အဖွဲ့ ထိန်းချုပ်ထားရာ နယ်မြေတွင်းသို့ ကျူံဝင်သွားခဲ့သောကြောင့် ထိခိုက်သေဆုံးမှုများပြားခဲ့သည်ဟု ဖော်ပြခဲ့သည်။ ထိုသတင်းနှင့်အတူ တပ်မတော်သားများ၏ ဓာတ်ပုံကိုပါ ပူးတွဲဖော်ပြခဲ့၍ နောက်ပိုင်းတွင် ဓါတ်ပုံထဲတွင်ပါရှိသော စစ်သားတစ်ဦးမှ အသေရေဖျက်မှုဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ် မေလတွင် သတင်းစာ အယ်ဒီတာချုပ် ဦးဝေဖြိုးမှ ထိုစစ်သား၏ မိသားစုကို တောင်းပန်ခဲ့သည်။ ၂၀၁၅ ခုနှစ် မေလ ၄ ရက်နေ့တွင် စာနယ်ဇင်း ကောင်စီမှတစ်ဆင့် တပ်မတော်မှ တိုင်ကြားမှုရှိ၍ ပြန်ဖြေရှင်းခဲ့ပြီးသည့်နောက် မည်သည့် ဆက်သွယ်မှုမျိုးမှမရှိခဲ့ပဲ တစ်နှစ်ခန့်အကြာတွင် သူ့အား တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ဝန်းသိုတရားရုံးမှ ဆင့်ခေါ်စာနှစ်စောင် ပေးပို့ခဲ့သော်လည်း သူ့လက်ဝယ် မရောက်ရှိခဲ့ပါ။ ထိုကဲ့သို့ ဆင့်ခေါ်စာ အတည်မဖြစ်ပဲ ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် သူ ဖမ်းဝရမ်းထုတ်ခံခဲ့ရသည်။ ဦးဝေဖြိုးမှ ဆင့်ခေါ်စာ အတည်ဖြစ် လျှင်ဖြစ်ခြင်း တရားရုံး၌ အမှုရင်ဆိုင်မည်ဟု ပြောကြားခဲ့သည်။
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဒေးလီးအီလဲဗင်း/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ ဒေးလီးအီလဲဗင်း](#)

**သတင်းထောက်များအား ဒေါ်အောင်ဆန်းစုကြည် မွေးနေ့အခမ်းအနားကျင်းပရာ လွှတ်တော်ဝင်းအတွင်းသို့ ဝင်ရောက်ရန် တားမြစ်**

ဇွန်လ ၂၀ ရက်နေ့တွင် သတင်းစာဆရာများ သည် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၇၁ နှစ်မြောက် မွေးနေ့ အခမ်းအနားကျင်းပရာ လွှတ်တော်ဝင်းအတွင်းသို့ ဝင်ရောက်ရန် ငြင်း ပယ်ခြင်းခံခဲ့ရသည်။ အစိုးရသစ်မှ သတင်းယူရန် ကန့်သတ်ထားမှုများကို မီဒီယာ များမှ ပို၍ တွေ့ရှိခဲ့သည်။ ယခင်က မီဒီယာများနှင့် ဆက်ဆံခွင့် ရရှိခဲ့သော လွှတ်တော် ကိုယ်စားလှယ်များသည် NLD အစိုးရလက်ထက်တွင် ပိတ်ပင်တား မြစ်ခြင်းခံခဲ့ရပြီး ပါတီဝင်များအား သတင်းထောက်များနှင့် စကားပြောရန် ကန့်သတ်ထားသည်။

NLD အစိုးရ အာဏာ ရရှိလာကတည်းက လွှတ်တော်အဆောက်အအုံဝန်းကျင်တွင် မီဒီယာများအား ဓာတ်ပုံရိုက်ခြင်း၊ ရုပ်ရှင်ရိုက်ကူးခြင်းနှင့် အင်တာဗျူးပြုလုပ်ခြင်းတို့ ပို၍ တင်းကြပ်ခဲ့သည်။
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်၊ မြန်မာတိုင်း](#)

**တအာင်းအမျိုးသမီးအဖွဲ့အစည်း သတင်းစာရှင်းလင်းပွဲ တားဆီးခံရ**

ဇွန်လ ၂၄ ရက်နေ့တွင် ကျင်းပရန် စီစဉ်ထားသော တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO) ၏ ရှမ်းပြည်နယ်တွင်း စစ်တပ်မှ လူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်းရေးသားထားသည့် အစီရင်ခံစာ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ရှိ အာဏာပိုင်များမှ တားမြစ်ခဲ့သည်။ "ညှဉ်းပန်းနှိပ်စက်ရန် လေ့ကျင့်ထားသူများ" အစီရင်ခံစာသည် ၂၀၁၁ မှ ၂၀၁၆ ကြား TWO ကောက်ယူစုဆောင်းထားသော ရှမ်းပြည်နယ်မြောက်ပိုင်း တိုက်ပွဲဖြစ်ပွားရာဒေသတွင် နေထိုင်ကြသည့် ညှဉ်းပမ်းနှိပ်စက်ခံခဲ့ရသော ဒေသခံ ၁၀၀ ကျော်ကို မေးမြန်းထားသည့် အချက်အလက်များအပေါ် အခြေခံထားခြင်းဖြစ်သည်။ ထိုအစီရင်ခံစာ၌ စစ်တပ်မှ အရပ်သားများကို သတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း တို့အပါအဝင် ပြင်းထန်သော အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့သည်ဟု ဖော်ပြထားသည်။

ထိုသတင်းစာရှင်းလင်းပွဲအား ရန်ကုန်ရှိ Orchid Hotel တွင် ကျင်းပရန် စီစဉ်ထားသော်လည်း အာဏာပိုင်များမှ ထိုပွဲအားဖျက်သိမ်းရန် ဟိုတယ်တာဝန်ရှိသူများအား ဖိအားပေးခဲ့သည်။ TWO အဖွဲ့ဝင်တစ်ဦးဖြစ်သူ မဒီးဒီဖိုးဆောဝ်မှ ၎င်းတို့သည် ထိုအစီရင်ခံစာအား သမ္မတထံသို့ပေးပို့မည်သာမက လွှတ်တော်နှစ်ရပ်လုံးသို့လည်း ပေးပို့ မည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၈ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၈ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၉ ရက်၊ မြန်မာတိုင်း

**တပ်မတော်မှ 7 Day Daily သတင်းစာအား အမှုကြေအေးပေး**

ဖွန်လ ၂၉ ရက်နေ့တွင် တပ်မတော်မှ 7 Day Daily သတင်းစာအား အမှု ကြေအေးပေးခဲ့သည်။ ဧပြီလ ၂၄ ရက်နေ့တွင် ထုတ်ဝေခဲ့သော 7 Day Daily သတင်းစာ၌ ဗိုလ်ချုပ်ကြီးဟောင်း သူရရွှေမန်းမှ စစ်တက္က သိုလ် ဗိုလ်လောင်း သင်တန်းဆင်းများအား ပြည်သူလူထုရွေးကောက် ထားသော အစိုးရသစ်နှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းထားသည့် ပြောကြားချက်ကို ထည့်သွင်း ဖော်ပြခဲ့သည့်အတွက် ဖွန်လ ၂၅ ရက်နေ့တွင် တပ်မတော်မှ ရန်ကုန်အခြေစိုက် သတင်းစာ၏ သတင်း ထောက်နှင့် အယ်ဒီတာချုပ်တို့အား အမှုဖွင့်ခဲ့သည်။ ဒေသဆိုင်ရာ ရဲတစ်ဦးမှ ၎င်းတို့နှစ်ဦးသည် တပ်မတော်သားများ စစ်ပုန်ကန်မှုဖြစ် လာစေရန် သွေးထိုးလှုံ့ဆော်ခြင်းအတွက် ရာဇသတ်ကြီး ပုဒ်မ ၁၃၁ ဖြင့် တရားစွဲဆိုခံရမည်ဖြစ်ပြီး ထိုပုဒ်မသည် အမြင့်ဆုံး ထောင်ဒဏ် တစ်သက်နှင့် အနည်းဆုံး ထောင်ဒဏ် ဆယ်နှစ်နှင့် ဒဏ်ငွေပေး ဆောင်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း ပြောကြားခဲ့သည်။ ဖွန်လ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီမှ ကြေငြာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး ၎င်းတို့ဆန္ဒရှိလျှင် ထိုအမှုအား တရားခွင်ပြင်ပတွင် ညှိနှိုင်းဖြေရှင်းနိုင်ကြောင်း ဖော်ပြခဲ့သည်။ ဖွန်လ ၂၈ ရက်နေ့တွင် 7 Day Daily သတင်းစာမှ တောင်းပန်စာထုတ်ပြန်ခဲ့သည်။
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ The Voice/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၈ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၈ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၈ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၈ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၉ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၉ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၉ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၉ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၉ ရက်၊ ဧရာဝတီ

# မြေယာသိမ်းဆည်းမှုများ

**အစိုးရမြေများကို ခြံခတ်ခြင်းအတွက် လယ်သမားများအား တရားစွဲဆိုရန်ကြေငြာ**

ရန်ကုန်မြို့ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်မြို့ရှိ အစိုးရပိုင်မြေများပေါ်တွင် ဆိုင်းဘုတ်များစိုက်ထူ၍ ခြံခတ်ထားသော လယ်သမားများကို အရေးယူ လိမ့်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာခဲ့သည်။ ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးနှင့် တည်ဆောက်ရေးကောင်စီမှ ဖွံ့ဖြိုးရေး စီမံကိန်း များ ဆောင်ရွက်ရန်အတွက် ထိုလယ်ယာမြေများကို သိမ်းယူခဲ့ကြသော်လည်း စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မရှိခဲ့ပါ။ ထိုလယ်ယာမြေများ တွင် မျိုးရိုးစဉ်ဆက် စိုက်ပျိုးလုပ်ကိုင်ခဲ့ကြပြီး လုံလောက်သော လျော်ကြေးငွေသို့မဟုတ် အစားထိုးမြေလည်း မရရှိခဲ့သောကြောင့် ထိုမြေနေရာများကို ၎င်းတို့သာ ပိုင်ဆိုင်သင့်သည်ဟု လယ်သမားများမှ ပြောကြားခဲ့သည်။
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ မြန်မာတိုင်း

**မူလပိုင်ဆိုင်သည့်လယ်မြေအား ကျူးကျော်ခြင်းအတွက် လယ်သမားတစ်ဦးအား ထောင်ဒဏ်ချမှတ်**

ဇွန်လ ၁၃ ရက်နေ့တွင် ထားဝယ်မြို့နယ်တရားရုံးမှ ဒေသခံ လယ်သမားတစ်ဦးအား ပုဂ္ဂလိကမြေကို ကျူးကျော်ခြင်းနှင့် အကျိုးစီးပွားကို ပျက်စီးစေခြင်းတို့အတွက် ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၄၂၇ တို့ဖြင့် ထောင်ဒဏ် နှစ်လ ချမှတ်ခဲ့သည်။ ဒေါ်လွယ်လွယ်သည် ထားဝယ်မြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံး ဘေးတွင်ရှိသော လယ်မြေပေါ်တွင် စက်သုံးဆီဆိုင် ဆောက်လုပ်နေခြင်းကို ရပ်တန့်ရန် သွားရောက်တားဆီးခဲ့ပြီးနောက် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။ ယခင်အစိုးရဟောင်းမှ သိမ်းဆည်းထားသော ထိုလယ်ယာမြေသည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဖြစ်သူ ဦးမြတ်ကိုအမည် ပေါက် ပိုင်ဆိုင်သည်ဟု သိရှိရသည်။ ၁၉၉၀ ခုနှစ်တွင် အစိုးရမှ ထိုလယ်ယာမြေများအား မသိမ်းယူမီ ထိုလယ်မြေများသည် သူမတို့မိသားစု ပိုင်ဖြစ်သည်ဟု မူလလယ်ပိုင်ရှင် မိသားစုဝင်တစ်ဦးဖြစ်သူ ဒေါ်လွယ် လွယ်မှ ပြောကြားခဲ့သည်။ ထို့ပြင် ထိုမြေအတွက် သူမ၏မိသားစုမှ လျော်ကြေးငွေမရရှိသောကြောင့် တားဆီးရန်ကြိုးစားခဲ့ခြင်း ဖြစ်သည်ဟု လည်း ပြောကြားခဲ့သည်။ ဒေါ်လွယ်လွယ်၏ တူဖြစ်သူမှ ၂၀၁၆ ခုနှစ်၊ ဇန္နဝါရီလကတည်းက ဒေါ်လွယ်လွယ် တရားစွဲဆိုခံခဲ့ရပြီး ရုံးချိန်း ၁၅ ချိန်း တက်ရောက်ပြီးနောက် တရားရုံးမှ အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်ဟု ပြောကြားခဲ့သည်။
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ အီလဲဗင်း/မြန်မာ

**မူလပိုင်မြေအား ကျူးကျော်ခြင်းအတွက် လယ်သမားခုနှစ်ဦးအား စွဲချက်တင်**

ဇွန်လ ၁၅ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် တရားရုံးမှ လယ်သမား ခုနှစ်ဦးတို့အား ပိုင်နက်ကျူးလွန်ခြင်းနှင့် အကျိုးဖျက်စီးခြင်း၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၁၉၄ တို့ဖြင့် စွဲချက်တင်ခဲ့သည်။ စွန်ရဲအုပ်စု၊ ရှမ်းကန်၊ ရွာသစ် ၊ကျောက်ကုန်းနှင့် အင်းကုန်းကျေးရွာတို့မှ ဒေသခံတောင်သူများ စိုက်ပျိုးလျက်ရှိသည့် လယ်ယာမြေ ဧက ၂၆၅၀ ဧကကို ၁၉၇၃ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနမှ သိမ်းယူခဲ့ပြီး မည်သည့်စီမံကိန်းမှဆောင်ရွက်ခြင်းမရှိဘဲ ဧက ၁၅၀၀ ကို မုဒ့်မောင်မောင် ကုမ္ပဏီသို့ချထားပေးခဲ့သည်။ ကုမ္ပဏီမှ ယခုချိန်ထိ မည်သည့်စီမံကိန်းမျှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မရှိပါ။ လယ်သမားများသည် ထိုလယ်ယာမြေများ ပြန်လည်ရရှိရန် ၂၀၁၅ ခုနှစ်မှ စတင်ကာ ထွန်တုံးတိုက်ပွဲဝင်၍ တောင်းဆိုခဲ့ကြသည်။ ဇွန်လ ၂၉ ရက်တွင် ၎င်းတို့ ရုံးချိန်းတက်ရောက်ရမည်ဖြစ်သည်။
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ 7 Day Daily/မြန်မာ

**လယ်ယာမြေများမှ ရွှေ့ပြောင်းရန် ငြင်းဆန်သော လယ်သမားများ ပြစ်ဒဏ်ကျခံရနိုင်**

၂၀၁၁ ခုနှစ်ကတည်းက နေပြည်တော်ရှိ လယ်ယာမြေများမှ ရွှေ့ပြောင်းရန် ငြင်းဆန်ခဲ့ကြသော လယ်သမားနှစ်ဦးသည် တရားရုံး၌ ကြာရှည်စွာ အမှုရင်ဆိုင်နေရသည်။ ဦးကျော်မင်းနှင့် ဦးဘိုမောင်တို့သည် ဒက္ခိဏသီရိမြို့နယ်၊ သံတမန်အိမ်ရာဝင်းအတွင်းရှိ ၎င်းတို့၏ လယ်ယာမြေများမှ ဖယ်ရှားမပေးခဲ့သည့်အတွက် နေပြည်တော်၊ စည်ပင်သာယာရေး အက်ဥပဒေ၊ ပုဒ်မ ၂၆ ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ လျော်ကြေးငွေနှင့်ပတ်သက်၍ သဘောတူညီမှုရရှိခဲ့ပြီးသော် လည်း လယ်သမားများသည် ထိုလယ်ယာမြေများတွင် ဆက်လက် နေထိုင် လျက်ရှိသည်ဟု တရားရုံးမှ ပြောကြားခဲ့သည်။

